ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့kh့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ပင်လည်ဘူးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

## စင်းကွယ်ကျေးရွာ၊ သဒ္ဒတ်ကုန်းအုပ်စု

၂၀၁၇ ခုနှစ်  ပင်လည်ဘူးမြို့

မာတိကာ

၁။ ပင်လည်ဘူးမြို့နယ် မြေပုံ.......................................................................................................................2

၂။ သဒ္ဒတ်ကုန်း အုပ်စုမြေပုံ .......................................................................................................................3

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ .........................................................................................4

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် .............5

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .........................................................................................................................................7

၇။ ကော်မတီဂင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ .....................25

၈။ ကော်မတီဝင်များစာရင်း......................................................................................................................30

၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက် ...........................................................................................................33

၁၀။ ပုံစံ စ-၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား ..................................................................................................35


၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်........................................................................................37

၁၂။ ပုံစံ စ-၄။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ.......................................................................39


၁၃။ အစည်းအဝေး မှတ်တမ်းများ ..................................................................................................................42

၁၄။ နောက်ဆက်တွဲ(၄) ခြားနားသောအစိတ်အပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အနှစ်ချုပ် ........45

## ၁။ ပင်လည်ဘူးမြို့နယ် မြေပုံ



## ၂။ သဒွတ်ကုန်းအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

သဒ္ဒတ်ကုန်း၊ ညောင်ကုန်း၊ စင်းကွယ် ကျေးရွာတို့ပါဝင်သည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

စင်းကွယ်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ပင်လည်ဘူးမြို့နယ်၊ သဒ္ဒတ်ကုန်း အုပ်စုတွင်တည်ရှိပါသည်။ စင်းကွယ်ကျေးရွာသည် ဒုတိယကမ္ဘာစစ်တွင်းတွင် တည်ထောင်ခဲ့သည်ဟု သိခဲ့ရသည်။ စင်းကွယ်ဟုခေါ်ရခြင်းအကြောင်းရင်းမှာ ရှေးအခါကယခုတည်ထားသော စင်းကွယ်ကျေးရွာ၏ အနောက်တည့်တည့်တွင် တောင်တန်းကြီးရှိသည်။ ထိုတောင်တန်းကြီးကို ကသဲလူမျိုးများ လမ်းဖောက် လုပ်ကြသည်။ ထိုဖောက်လုပ်သောလမ်းတွင် အောက်ပြည်အောက်ရွာမှ လှည်းများဖြင့်စဥ့်အိုးများ တင်ကာ အိုးရောင်းလာကြပါသည်။ တောင်တန်းများတွင် ဖောက်လုပ်ထားသော လမ်းများသည် မတ်စောက် သောကြောင့်လှည်းများသည်မှောက်ပြီး စဥ့်အိုးများ ကျကွဲကုန်သည်။ ထိုသို့ကျကွဲသောကြောင့် စဥ့်ကွဲရွာဟု ခေါ်တွင်ခဲ့သည်။ တဖြည်းဖြည်းနှင့် နှစ်များကြာရှည်လာသောအခါ စင်းကွယ်ဟုခေါ်တွင်လာခဲ့သည်။ မီးထွန်းရန်မှာ ကညင်ဆီ၊ ပွက်ညက်၊ ပျားဖယောင်တို့ကို အသုံးပြုကြသည်။ ကျန်းမာရေးအနေနှင့် ဘိန်းတောဆေးဆရာများနှင့် ကုသကြရပါသည်။ စိုက်ပျိုးရေးအနေနှင့် စပါး၊ ပြောင်းဖူး၊ သစ္စား၊ ကြက်သွန်၊ မြေပဲ၊ နှမ်း၊ မြေတောက်ပဲ၊ ခရမ်းချဉ် စသည်များကိုလည်း စိုက်ပျိုးကြပါသည်။ ဆောင်းနှောင်းပိုင်း နွေရာသီကာလများ တွင် မူးသဲတောင်ခုံပေါ်စင်အချိန်တွင် မူးသဲတောင်ခုံပေါ်တွင် မြေတောက်ပဲ၊ ပဲသီစိမ်း စသည်များကိုလည်း စိုက်ပျိုးကြပါသည်။ မွေးမြူရေးအနေနှင့် ကြက်၊ ဝက်၊ ကျွဲ၊ နွား စသည်တို့ကို မွေးမြူကြပါသည်။ ယခုအချိန်တွင်မီးထွန်းရန်မှာ ဆိုလာ၊ လျှပ်စစ်မီး စသည်တို့ကို အသုံးပြုကြပါသည်။ ပညာရေးအနေနှင့် အစိုးရပညာရေးစာသင်ကျောင်းတွင် သင်ကြားနိုင်ပြီဖြစ်သည်။ ကိုးကွယ်သည့်ဘာသာအနေနှင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြသည်။

### ၂။ လူနည်းစုလူမျိုးစုအိမ်ထောင်စု (မရှိ)

### ၃။ကျေးရွာတွင်းရှိ စုစုပေါင်းအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | ၁၆၀ | ၁၀၁ | ၅၉ | ၁၆၀ |

### ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၂၇ | ၁၇ | ၃၁ | ၄၈ |
| မြေယာမဲ့ | ၂ | ၃ | ၄ | ၇ |
| မသန်စွမ်း | ၇ | ၆ | ၁ | ၇ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကျွဲ | ကုန်သည် | လက်သမား |
| မြေပဲ | နွား | အသေးစားကုန်စုံဆိုင် | ပန်းရံ |
| မြေတောက်ပဲ | ဝက် | စပါးခြွေလှေ့ | ကုန်တင်ကားအသေးမောင်း |
| နှမ်း | ကြက် | | |
| ခရမ်းချဉ် | | | |
| နေကြာ | | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုး မြေ | စားကျက် မြေ | သစ်တော မြေ | သဲ/ကျောက်ရ ရှိမှု | ရေတွင်း/ ရေကန် | စက် ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၅၀၀ ဧက | ၅၀၀ ဧက | ၁၀၀၀- ဧက | ရှိ | ၁၃ / ၂၅ | ၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာ ဂျီ | မြေတူး စက် | လမ်းကြိတ် စက် | အသေးစား ဆည် | ဈေးဆိုင် |
| အရေအတွက် | ၄ | ၀ | ၀ | ၀ | ၁ | ၇ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၇၅ | ၁၅၀ | ၁၅၀ | ၅၀ | ၃၀၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | |
| အရေအတွက် | ၃၀၀ | ၁၅၀ | ၅ | ၃၀ | |
| | | | | | |

## ၈။ အခြားကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ

| အရင်းအမြစ် | ဆေးခန်း | အ.လ.က/အ.ထ.က | ဈေး | ကျွမ်းကျင်လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | ၀ | -/၁ | - | ၁၀ | ၄၀ | - | - |
| | | | | | | | |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း(Wealth Ranking) | ၃-၂-၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး၊ အလွန်နွမ်းပါးအုပ်စများ | ၆၆ | ၃၇ | ၁၀၃ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၃-၂-၁၇ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၈ | ၈ | ၁၆ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ကျေးရွာလူမှုရေးပြ၊ သယံဇာတပြမြေပုံ (Social Map/ Resource Map) | ၃-၂-၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ | ၆၆ | ၃၇ | ၁၀၃ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၄ | ပြဿနာသစ်ပင် (Problem Tree) | ၃-၂-၁၇ | အမျိုးသားအမျိုးသမီးကော်မတီဝင်များ | ၈ | ၈<br>- | ၁၆ | ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ကျန်းမာရေး၊ပညာရေး။ |
| ၅ | ကျေးရွာ၏ (၅)နှစ်စာ ဦးစားပေးအစီအစဉ်ပြ ဇယား(Metric Ranking) | ၄-၂-၁၇ | အမျိုးသားအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု၊ ရပ်မိရပ်ဖအုပ်စု | ၇၈ | ၃၀ | ၁၀၈ | အကျိုးပြုဦးရေ၊ အကျိုးခံစားခွင့် နှင့် အဓိက လိုအပ်ချက်များပေါ် မူတည်၍ ဆုံးဖြတ်သည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၃-၂-၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာ စီ/ ထောက်အဖွဲ့ | ၆၆ | ၃၇ | ၁၀၃ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |


| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၃-၂-၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၆၆ | ၃၇ | ၁၀၃ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်း |
| ၈ | ကျေးရွာအိပ်မက်ပြမြေပုံ (Dream Map) | ၄-၂-၁၇ | ကျေးရွာစီ/ ထောက်အဖွဲ့၊ ကျေးရွာလူထု | ၇၈ | ၃၀ | ၁၀၈ | နောင်တစ်ချိန်တွင် ကျေးရွာတွင် ဖြစ်စေချင်သော/မြင်စေချင်သော အရာများ ထည့်သွင်းရေးဆွဲခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ၁။ ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)

| အဆင့် | အခြေခံစံနှုန်းများ/ ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| **ချမ်းသာ** | **အိမ်အခြေအနေ-** အုတ်ခင်း၊ပျဉ်ခင်း၊ပျဉ်ကာ၊ အုတ်ကာ၊ သွပ်မိုး၊ခြေတံရှည်၊နှစ်ထပ်တိုက်<br>**မြေယာပိုင်ဆိုင်မှု-** ၁၀ဧက နှင့် အထက်<br>**ကျွဲ၊ နွား-** ၁၅ ကောင်အထက်<br>**အခြားပိုင်ဆိုင်မှု-** ခြွေစက်၊ ရိတ်စက်၊ ထွန်းစက်၊ ရေစုပ်စက်၊ TV၊ တယ်လီဖုန်း၊ စပါးကြိတ်စက်၊ ဆိုင်ကယ်၊ ကား၊ဆိုလာ | ၂၄ | ၁၄.၉% |
| **အလယ်အလတ်** | **အိမ်အခြေအနေ-** ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ ချေတံရှည်အိမ်<br>**မြေယာပိုင်ဆိုင်မှု-** ၅ ဧက နှင့် ၁၀ ဧကကြား<br>**ကျွဲ၊ နွား-** ၅ ကောင်နှင့် ၁၅ ကောင်ကြား<br>**အခြားပိုင်ဆိုင်မှု-** လှည်း၊ဆိုင်ကယ်၊ဆိုလာ၊TV အသေး၊ရေစုပ်စက်၊တယ်လီဖုန်း | ၈၉ | ၅၅.၃% |
| **နွမ်းပါး** | **အိမ်အခြေအနေ-** ပျဉ်ခင်း၊ ဝါးထရံကာ၊ သက်ကယ်မိုး၊ ချေတံရှည်အိမ်<br>**မြေယာပိုင်ဆိုင်မှု-** ၂ ဧကအောက်<br>**ကျွဲ၊ နွား-** မရှိ<br>**အခြားပိုင်ဆိုင်မှု-** ဆိုင်ကယ်အဟောင်း၊TVအသေး၊ဆိုလာအသေး၊ | ၃၉ | ၂၄.၂% |
| **အလွန်နွမ်းပါး** | **အိမ်အခြေအနေ-** ပျဉ်ခင်း၊ ဝါးထရံကာ၊ အင်ဖက်မိုး၊ အကာမလုံ<br>**မြေယာပိုင်ဆိုင်မှု-** မရှိ<br>**ကျွဲ၊ နွား-** မရှိ<br>**အခြားပိုင်ဆိုင်မှု-** မရှိ | ၈ | ၅.၆% |
| **စုစုပေါင်း** | | **၁၆၀** | **၁၀၀%** |

## ၂။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်

တပို့တွဲလ လယ်မှ စ၍ နယုန်လအထိ နွေရာသီဖြစ်ပါသည်။ နယုန်လလယ် မှ စ၍ တော်သလင်းလအထိ မိုးရာသီ ဖြစ်ပါသည်။ သီတင်းကျွတ်လ မှ စတင်၍ တပို့တွဲလ လယ်အထိ ဆောင်းရာသီ ဖြစ်ပါသည်။ နယုန်လတွင် စပါးစိုက်ပျိုးရန် ပျိုးထောင်ကြပြီး ဝါဆိုလတွင် ကောက်စိုက်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းမှ နတ်တော်၊ ပြာသို၊ တပို့တွဲလများတွင် နေကြာ၊ နှမ်း၊ မြေပဲ၊ ဖရဲ၊ အာလူးများ စိုက်ပျိုးကြပါသည်။ မွေးမြူရေးလုပ်ငန်းများကို ရာသီမရွေးလုပ်ကိုင်ကြပါသည်။ လုပ်ငန်းခွင်အတွက် ကျွဲ၊နွားများ မွေးမြူကြပြီး အိမ်ခြေထက်ဂက်ခန့်မှာ ကြက်၊ဂက်များ မွေးမြူကြပါသည်။ ဝါဆို၊ဝါခေါင်လတွင် လယ်ယာလုပ်ငန်းခွင်များ ရှိခြင်းကြောင့် ဝင်ငွေရရှိပါသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်းနှင့် နတ်တော်လများတွင် စပါးရိတ်သိမ်း ခြွေလှေ့ခြင်းလုပ်ငန်းများရှိခြင်းကြောင့် ဝင်ငွေရရှိပါသည်။ တံခူးလနှင့် ကဆုန်၊နယုန်လများတွင် ရွှေကျင်းများတွင် ရွှေကျင်လုပ်ငန်း လုပ်ကိုင်ကြပါသည်။ နေ့စားလုပ်ငန်းမှ တစ်နေ့ဝင်ငွေ ၄၀၀၀ ကျပ်၊ တစ်လဝင်ငွေ ၁၂၀၀၀၀ ကျပ် နှင့် တစ်နှစ်ဝင်ငွေ ၈၅၀၀၀၀ ကျပ် ရရှိပါသည်။ မှုးမြစ်များရေရှုံခြင်းကြောင့် ရံဖန်ရံခါ စပါးခင်းများ ရေလွှမ်းပါသည်။ လေပြင်းကျရောက် တတ်သည့်အခါလည်းရှိပါသည်။ ဂါခေါင်၊ တော်သလင်းလများတွင် စပါးကုန်ချိန်ဖြစ်၍ ဝမ်းစာရှားပါးမှုပြဿနာရှိပါသည်။ အလုပ်သမားရှားပါးမှုမရှိပါ။ ပွင့်လင်းရာသီတွင် ရွှေ့ပြောင်းလုပ်သားသွားလာမှုရှိပါသည်။ တန်ခူးလတွင် သင်္ကြန်ပွဲတော်ပြုလုပ်ပါသည်။ ဝါဆိုလတွင်သင်္ကန်းကပ်ပွဲတော်ရှိပါသည်။ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်ရှိပါသည်။ တပေါင်းလတွင် အလှူပွဲများရှိပါသည်။

## သုံးသပ်ချက်

စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပွင့်လင်းရာသီရောက်မှသာ ဆောင်ရွက်သင့်သည်။ အဘယ်ကြောင့်ဆိုသော် စင်းကွယ်ကျေးရွာလူထုအားလုံး လယ်ယာလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသည့်အတွက် မိုးတွင်းကာလ၊ ဆောင်းတွင်းကာလများတွင် လယ်ယာလုပ်ငန်းခွင်နှင့် တိုက်ဆိုင်သောကြောင့် အလုပ်သမားရှားပါးခြင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အချိန်မပေးနိုင်ခြင်းစသည့်အခက်အခဲများနှင့် ကြုံတွေ့ရသည့်အတွက် အောင်မြင်သင့်သလောက် မအောင်မြင်နိုင်ပါ။ ထို့ကြောင့် ရာသီဥတုသာယာပြီး ကျေးရွာလူထုအားလုံး ပါဂင်လုပ်ဆောင်နိုင်သည့် ပွင့်လင်းရာသီတွင် လုပ်ငန်းခွဲများ လုပ်ဆောင်သင့်ပါကြောင်း သုံးသပ်မိပါသည်။

## ၃။ ကျေးရွာလူမှုရေးပြမြေပုံ နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်

စီးပွားရေးအဆင့် (၄)မျိုးရှိပြီး ကျေးရွာများတွင် စုစည်းစွာနေထိုင်ကြပါသည်။ စင်းကွယ်ကျေးရွာသည် မိုးတွင်းအချိန်တွင် သွားလာရေးခက်ခဲပြီး ဆောင်းပိုင်းနှင့် နွေပိုင်းကာလများတွင် ကောင်းမွန်ပါသည်။ အုပ်စု ကျေးရွာနှင့် (၁) မိုင် ခန့်ကွာဝေးပါသည်။ ပင်လည်ဘူးမြို့ နှင့် မိုင်(၂၀) ခန့်ကွာဝေးပါသည်။ကျန်းမာ စောင့်ရှောက်မှုမှာ အရပ်ဆေးဆရာများနှင့် ကုသရသည့်အတွက် အသက်အန္တရာယ် စိုးရိမ်ရပါသည်။ မိချောင်းအင်းသို့ သွားရောက်ကုသရပါသည်။ သောက်သုံးရေအနေနှင့် အနောက်တောင်တန်းမှ စိမ့်စမ်းရေ သွယ်တန်းခြင်းမှသောက်သုံးရေကို လုံလောက်မှုရှိပါသည်။ ကျေးရွာ၏တောင်ဘက်တွင် ဘုန်းကြီးကျောင်း၊ ဓမ္မာရုံရှိပါသည်။ ဘုန်းတော်ကြီးကျောင်း၏ တောင်ဘက်တွင် စာသင်ကျောင်းတည်ရှိပါသည်။ အရှေ့ဘက် တွင် လယ်ကွင်းနှင့် မူးချောင်းတည်ရှိပါသည်။ အနောက်တောင်တန်းတွင် စေတီဘုရားတည်ထားပါသည်။

## သုံးသပ်ခြင်း

ကျေးရွာတွင်ချမ်းသာသော အိမ်ထောင်စုမှာ အနည်းငယ်သာရှိပြီး အလယ်အလတ် စားနိုင်သောက်နိုင် အဆင့်မှာ ကျေးရွာ အိမ်ထောင်စု၏ ၃ ပုံ ၂ ပုံ ခန့်ရှိသည်။ နွမ်းပါးအိမ်ထောင်စု အနည်းငယ်ရှိ၍ မြေမဲ့၊ ယာမဲ့၊ လက်လုပ်လက်စား အိမ်ထောင်စု များလည်းရှိသည်။ စင်းကွယ်ကျေးရွာ အနေဖြင့် လယ်ယာလုပ်ငန်းကို အဓိကမှီခိုနေရပြီး မြေမဲ့၊ ယာမဲ့များ လည်း ရှိနေသဖြင့် ဂမ်းစာဖူလုံမှုရှိရန်အတွက် အလွန်ခက်ခဲသည်။ ထိုကြောင့် လူတန်းစားအဆင့် လျော့နည်း သွားစေရန် အလုပ်အကိုင်အခွင့်လမ်းများ ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

၄။ကျေးရွာအရင်းအမြစ်ပြမြေပုံနှင့်သုံးသပ်ချက်




## ဆွေးနွေးချက်

စင်းကွယ်ကျေးရွာ၏ အရှေ့ဘက်တွင် မူးမြစ်ရှိသည့်အတွက် မူးမြစ်ထဲတွင် ဆောက်လုပ်ရေးလုပ်ငန်း သုံးသဲများ ထုတ်ယူသုံးစွဲနိုင်ပါသည်။ အနောက်တောင်တန်းမှ တစ်ရွာလုံး သောက်သုံးရေ ကို စိမ့်စမ်းရေသွယ် ခြင်းဖြင့် အလွယ်တကူရရှိပါသည်။ မူးမြစ်ထဲတွင် နွေပိုင်းကာလနှင့် ဆောင်းပိုင်းကာလများတွင် ရွှေများ တူးဖော်ခြင်းလုပ်ငန်းမှ ဝင်ငွေများ ရရှိပါသည်။ မူးမြစ်ထဲတွင် ကြက်သွန်၊ ခရမ်းချဉ်၊ အာလူး၊ မြေပဲ၊ မြေတောက်ပဲ၊ ခရမ်းသီး စသည်ဖြင့် သီးနှံများ စိုက်ပျိုးခြင်း မှ ဝင်ငွေများ ရရှိပါသည်။ ရွှေများတူးဖော်ခြင်း မှလည်း ဝင်ငွေများ ရရှိပါသည်။ သစ်တောများပြုန်းတီးရသည့်အတွက် မူးမြစ်များလည်း သဲတောင်ခုံများ ထိုးလာပါသည်။ မူးမြစ်လည်း ကောသွားပါသည်။ အနောက်တောင်တန်းမှာလည်း ထင်းများခုတ်ယူသည့် အတွက် သစ်တောများ ပြုန်တီးသည့်အတွက် စိမ့်စမ်းရေသွယ်တန်းထားသော ရေများ၏ ဂေဟစနစ်ကို ထိခိုက်လာပါသည်။

## သုံးသပ်ချက်

ကျေးရွာသည် သစ်တောများနှင့်နီးကပ်ပြီး အသုံးဝင်သောသစ်များရရှိနိုင်သဖြင့် ကျေးရွာဖွံ့ဖြိုးရေး အတွက် အခြေခံအဆောက်အအုံများ ဆောက်လုပ်ရာတွင် လွယ်ကူစွာရရှိနိုင်သည်။ သဲကျောက်ရရှိနိုင်မှုမှာ ရှားပါးသော်လည်း အခြေခံအဆောက်အအုံများအတွက် သုံးရန်မှာ လုံလောက်သည်။ ထို့ကြောင့် စီမံကိန်း လုပ်ငန်းခွဲများ အကောင်အထည်ဖော်ရာတွင် အဆင်ပြေမှုရှိသည်။

## ၅။ ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း



## ဆွေးနွေးချက်

ကျေးရွာတွင်းလမ်းမကောင်းသည့်အတွက် စီးပွားရေးအဆင်မပြေခြင်း၊ ကလေးများပညာရေးတွင် နောက်ကျနေခြင်း၊ လူမှုရေး၊ ပညာရေးတွင် နောင့်နေးရခြင်းများ ကြုံတွေ့ခဲ့ရပါသည်။ စင်းကွယ်ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ခရိုင်ဆက်သွယ်သောလမ်းများ အဆက်အသွယ်မရှိခြင်း။ ဌာနဆိုင်ရာမှ အစီအစဉ်မရှိခြင်းတို့ပြင်ကျေးရွာမှ ကိုယ်ထူကိုယ်ထဖြင့် လုပ်ဆောင်နိုင်ခြင်းမရှိသဖြင့် အခက်အခဲများနှင့်ကြုံ တွေ့ရကြောင်းဆွေးနွေးခဲ့ကြသည်။

## သုံးသပ်ချက်

ကျေးရွာတွင်းလမ်းမကောင်းခြင်း၊ ကလေးများအတွက် စာသင်ကျောင်းဆောက် လုံလောက်မှုမရှိခြင်း တို့ကြောင့် စီမံကိန်းမှ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျေးရွာငွေအင်အားဖြင့် မတတ်နိုင်သော်လည်း လုပ်ငန်းခွဲအကောင်အထည်ဖော်ဆောင်ရွက်ချိန်တွင် လူထုလုပ်အားဖြင့် ကူညီလုပ်ဆောင်သင့်သည်။ လုပ်ငန်းပြီးဆုံးချိန်တွင်လည်းရရှိလာသော လမ်းကိုစဉ်ဆက်မပြတ်ပြုပြင်ထိန်းသိမ်းရန်လိုအပ်သည်။

### ၇။ ဦးစားပေးအစီအစဉ်ပြဇယား (Matrix Ranking)



သဒ္ဒွတ်ကုန်းအုပ်စု ၊ စိုင်းကွယ်ကျေးရွာ ဦးစားပေးအစီအစဥ်ဇယား

| စဥ် | အကြောင်းအရာ | ၁ | ၂ | ၃ | ၄ | ၅ | ရမှတ် |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း မပြေပြစ်ခြင်း | | ၁ | ၁ | ၄ | ၁ | ၃ |
| ၂ | ကျေးရွာခန်းမ တည်ဆောက်ခြင်း | | | ၃ | ၄ | ၅ | ၀ |
| ၃ | စာကြည့်တိုက် | | | | ၄ | ၅ | ၁ |
| ၄ | မူလတန်းကျောင်း ဆောင်သစ် | | | | | ၄ | ၄ |
| ၅ | စာသင်ကျောင်း အုတ်တံတိုင်း | | | | | | ၂ |

## ဆွေးနွေးချက်

စီမံကိန်းပထမနှစ်တွင် စာသင်ကျောင်းပြုပြင် (စာသင်ကျောင်း အခန်းကန့်ခြင်း၊ မြေထိန်းနံရံ တည်ဆောက်ခြင်း)ကို ရံပုံငွေ (၆၇၂၀၀၀၀) ကျပ်ဖြင့် ကျောင်းဆောင် အခန်းကန့်ခြင်း လုပ်ငန်းကို ပြုပြင်ခဲ့ပါသည်။ စာသင်ကျောင်း ရှေ့ဘက်တွင် မြေထိန်းနံရံကို တည်ဆောက်ခဲ့ပါသည်။ စီမံကိန်း ဒုတိယနှစ်တွင် ညောင်ကုန်းမှ ငွေကျပ် (၁၉၂)သိန်းကို ကိုင်ဆောင်ပြီးရွာတွင်းလမ်းတည်ဆောက်ခြင်း (မြေထိန်းနံရံ၊မြေသားလမ်း၊ကားပတ် တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လုပ်ကိုသွားမည်ဖြစ်ပါသည်။ စီမံကိန်းတတိယနှစ်တွင် သဒ္ဒတ်ကုန်းမှ ကျေးရွာမှ ကျေးရွာခန်းမဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီး စီမံကိန်းစတုတ္ထနှစ်တွင် စင်းကွယ်ကျေးရွာမှ လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

## သုံးသပ်ချက်

ကျေးရွာတွင်လူဦးရေနှင့် အိမ်ခြေများပြားသော်လည်း လက်လုပ်လက်စားများ မြေမဲ့ယာမဲ့ အိမ်ထောင်စုများရှိနေခြင်း စီးပွားရေးအဆင်မပြေသော မိသားစုဝင်များရှိနေခြင်း တို့ကြောင့် ကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ်ရန် ခက်ခဲနေခြင်းတို့ကြောင့် အဆင်မပြေနိုင်ပါ။

ထို့ကြောင့်စီမံကိန်းမှရန်ပုံငွေနှင့် ကျေးရွာလူထုပူးပေါင်းပြီးအောင်မြင်စွာလုပ်ဆောင်သင့်သည်။

## ၈။ ဗင်းပုံစံကိုသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်




**ဆွေးနွေးချက်**

ကျေးရွာလူထုနှင့်အဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်နေသည့် အနေအထားမှာ အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ မီးသတ်အဖွဲ့၊ အမျိုးသားအဖွဲ့၊ အမျိုးသမီးများအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေကော်မတီ၊ အမျိုးသမီးရေးရာအဖွဲ့၊ တိကုအဖွဲ့. ပရဟိတလူငယ်အဖွဲ့၊ ကြက်ခြေနီအဖွဲ့၊ မီးသတ်အဖွဲ့များရှိကြပြီး ကျေးရွာ၊ ဖွံ့ဖြိုးတိုးတက်ရေးကျေးရွာ အကျိုးပြုလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်ကြပါသည်။ စင်းကွယ်ကျေးရွာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း၊ လဝက၊ တိကု၊ မီးသတ်၊ မွေးမြူရေး၊ စိုက်ပျိုးရေး၊ မြေစာရင်း ဌာနမြို့နယ်ပရဟိတအဖွဲ့၊ မြို့နယ်ပညာရေးဌာနများမှ ပံ့ပိုးဆောင်ရွက်မှုရှိပြီး ကျေးရွာသားများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်သလို ချိတ်ဆက်ဆောင်ရွက်မှု၊ အကူအညီတောင်းခံမှုမှာ အခြားကျေးရွာများထက် ပိုမိုကောင်းမွန်ပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အရင်းအနှီးရရှိရန် မြို့နယ်သမဝါယမအသင်း၊ မြစိမ်းရောင်စီမံကိန်းကဲ့သို့ ချေးငွေပံ့ပိုးသည့်ဌာန၊ အဖွဲ့အစည်းများ နှင့် ချိတ်ဆက်ဆောင်ရွက်ရန်နိုင်ပြီး စိုက်ပျိုးရေးထုတ်ကုန် တိုးချဲ့ဆောင်ရွက်သင့်ပါသည်။

**သုံးသပ်ခြင်း**

စင်းကွယ်ကျေးရွာရှိ အဖွဲ့အစည်းများအနေဖြင့် ကျေးရွာတွင် အချင်းချင်း ချိတ်ဆက်၍ စည်းလုံးမှုရှိသော်လည်း မြို့နယ်ရှိ ပညာရေး၊ ကျန်းမာရေး၊ လူထုဗဟိုပြုစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သစ်တော၊ ရဲစခန်း၊ စိုက်ဘဏ်၊ စသည့်ဌာနများနှင့်သာ ချိတ်ဆက်မှုရှိပြီး ကျန်ဌာနများနှင့် ချိတ်ဆက်မှု အားနည်းနေသေးသည်။

၉။ ကျား- မ ရေးရာခွဲ ခြမ်းစိတ်ဖြာခြင်း




## ဆွေးနွေးချက်

ကျေးရွာလူထုအနေဖြင့် ရွှေ၊ ငွေ၊ စပါး၊ ဂါးလယ်၊ ကျွဲ၊ နွား၊ ပဲမျိုးစုံ၊ သဲ၊ ကျောက်၊ အိမ်ထောင ပရိဘောဂ၊ သစ်တောထွက်ပစ္စည်းများပိုင်ဆိုင်ကြပြီး ထိုပစ္စည်းများကို အသုံးပြုရာတွင်နှင့် ထိန်းချုပ်ရာတွင် အမျိုးသားများသာ (သို့) အမျိုးသမီးများသာဟူ၍ သီးသန့်မရှိဘဲ အမျိုးသားရော အမျိုးသမီးများပါ တန်းတူ အသုံးပြုခြင်းနှင့်ထိန်းချုပ်ခြင်းများရှိကြောင်းဆွေးနွေးခဲ့ကြသည်။

## သုံးသပ်ချက်

ကျေးရွာလူထုများအနေဖြင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အသုံးပြုခြင်းနှင့် ထိန်းချုပ်ခြင်းတွင် ကျား၊မ ရေးရာ ခွဲခြားမှုမရှိသလောက် နည်းပါးပြီး အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှုရှိသည်။

၁၀။ ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်

ရပ်ရေးရွာရေးတွင် ပူးပေါင်းပါဝင်မှုအနေဖြင့် အမျိုးသားများသည် အဆင့်(၈)အထိရှိပြီး အမျိုးသမီးများသည် အဆင့်(၅)သာရှိခဲ့သည်။ ကျေးရွာထဲတွင် အမျိုးသားများကပိုမို၍ ပူးပေါင်းပါဝင်မှု အားကောင်းနေကြောင်းတွေ့ရှိရပါသည်။ အမျိုးသမီးများအနေဖြင့် အိမ်မှုကိစ္စတွင်ဆောင်ရွက်နေရသည့်အတွက် ပူးပေါင်းပါဝင်မှုအားနည်းနေရခြင်း ဖြစ်သည်။အမျိုးသမီးများ၏ ဝင်ငွေရရှိမှုမှာ အမျိုးသားများအောက် အဆင့်(၅)အထိရောက်ရှိနေပြီး အမျိုးသားများသာ ဝင်ငွေပိုရရှိနေသည့် အနေအထားတွေ့ရပါသည်။ အမျိုးသားများက အပြင်ထွက် စီးပွားရှာနေချိန်တွင် အမျိုးသမီးများက အိမ်မှုကိစ္စ၊ သားသမီးကိစ္စများ ဆောင်ရွက်နေရသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်အမျိုးသမီးများ၏ ဝင်ငွေနှင့်အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ဆောင်ရွက်ရန်လိုအပ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းအနေနှင့်လည်း အမျိုးသားများမှာပေါများပြီး အမျိုးသမီးများကမှုနည်းပါးနေသည်ကိုလည်း တွေ့ရသည်။ မိုးတွင်းကာလ လယ်ယာစိုက်ပျိုးပြီးသည်နှင့် မြို့နယ်ပြင်ပသို့သွားရောက်လုပ်ကိုင်နေကြ၍ဖြစ်ပါသည်။ စင်းကွယ်ကျေးရွာအနေနှင့် ပညာသင်ကြားခွင့်နှင့် ပညာတတ်မြောက်မှုတွင် အမျိုးသားများသည် မူလတန်းပညာလောက် တတ်မြောက်ပြီဆိုတာနှင့် စာသင်ကျောင်းမှထွက်ပြီး မိဘလုပ်ကိုင်သော လယ်ယာလုပ်ငန်းတွင် ဝင်ရောက်အလုပ်လုပ်ရင်းနှင့် စာသင်ကျောင်းမှ ထွက်ခဲ့သည်။ အမျိုးသမီးများအနေဖြင့် မူလတန်းပညာဖြင့် မိဘလုပ်ငန်းဆောင်ရွက်ရန် အရွယ်အားဖြင့် လယ်ယာလုပ်ငန်းဆောင်ရွက်ရန်မှာ ငယ်နေသေးသည့်အတွက် အတန်းပညာကို ဆက်ပြီးသင်ပေးခဲ့သည်။ ထိုအတွက်ကြောင့် အမျိုးသမီးများသည် အမျိုးသားများထက် ပညာတတ်မြောက်နေခြင်းဖြစ်သည်။ အရင်းအမြစ်အပေါ်အမှီပြု၍ အသက်မွေးဝမ်းကြောင်း ပြုနိုင်မှုမှာ ကွာဟချက်ရှိပါသည်။ အကြောင်းမှာ မိမိအိမ်ထောင်တစ်ခုတွင်လိုအပ်နေ သောလိုအပ်ချက်တိုင်းသည် အမျိုးသား၏ လုပ်ငန်းတာဝန်သာဖြစ်သည်ဟု ယူဆထားသည့်အတွက် အမျိုးသမီးထက် အမျိုးသားများက ပိုပိုလုပ်ကိုင်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။

## သုံးသပ်ချက်

အမျိုးသမီးများအားနေရာပေးမှုမှာ အစဉ်အလာအရအမျိုးသားများက နေရာယူထားပြီး အမျိုးသမီးများကလည်းနေရာယူတတ်ရန် နှင့် စွမ်းဆောင်ရည်ရှိရန် လိုအပ်နေပါသေးသည်။ ရှေးရိုးအစဉ်အလာအရအမျိုးသားများကသာ ဆုံးဖြတ်ချခြင်း၊ ခေါင်းဆောင်မှုနေရာတွင် အမျိုးသမီးများ မပါဝင်ခြင်းကြောင့် ဆုံးဖြတ်ချက်ချသည့် နေရာတွင် အမျိုးသမီးများထက် အမျိုးသားများက သာလွန်နေပါသည်။

## ၁၁။ ကျေးရွာအိပ်မက်ပြမြေပုံ နှင့် သုံးသပ်ချက်



## သုံးသပ်ချက်

စင်းကွယ်ကျေးရွာအနေနှင့် ရွာတွင်းလမ်းများကို ကျောက်ခင်းလမ်းများ ဆောင်ရွက်ပြီး ရွာချင်းဆက်လမ်းများကို မြေသားလမ်းများ ဆောင်ရွက်ပြီးဖြစ်ရမည်။ လူနေအိမ်များအနေဖြင့် ချမ်းသာသောအိမ် နှင့် အလယ်လတ်အိမ်များသာ ဖြစ်ရမည်။ ကောင်မွန်သော မူကြိုကျောင်းတည်ဆောက်ပြီးဖြစ်ရမည်။ ကျေးရွာအနေနှင့် (၂၄) နာရီလျှပ်စစ်မီး ရရှိပြီးဖြစ်ရမည်။ ကျေးရွာတွင်းတွင် ရေသန့်စက်တည်ဆောက်ပြီးဖြစ်ရမည်။ လမ်းပန်းဆက်သွယ်ရေးကောင်မွန်သောကျေးရွာ ဖြစ်လာရမည်။ စီးပွားရေးတိုးတက်သော ကျေးရွာဖြစ်လာရမည်။

## သုံးသပ်ခြင်း

ဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းအားဖြင့် ကျေးရွာသည် ဖွံ့ဖြိုးတိုးတက်ပြီး စည်းလုံးညီညွတ်သော ရွာလေးဖြစ်လာမည်။ ထို့ပြင်ကျေးရွာသူ ၊သားများအနေဖြင့်ကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ်ရန် မတတ်နိုင်သဖြင့် သက်ဆိုင်ရာဌာနများမှ အကူညီတောင်းခံ၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်သင့်သည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသားအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



လူငယ်အုပ်စု၏ မှတ်တမ်းဓါတ်ပုံ



ထိခိုက်လွယ်အုပ်စုများ၏ မှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



ပထမနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော မှတ်တမ်းဓါတ်ပုံ



ပထမနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော မှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား-မ | ရာထူး |
|---|---|---|---|
| ၁ | ဦးစိန်ကျော်လွင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၂ | ဒေါ်ငွေငွေမြင့် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၃ | ဦးတင်နိုင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၄ | ဒေါ်ချိုမာဝင်း | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးကျော်နိုင်မင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးအုန်းဖေ | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၇ | ဒေါ်ခင်လှမြိုင် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်စုစု | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဒေါ်ထွေးစိန် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ |
| ၁၀ | ဒေါ်သန်းနွဲ့ဦး | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဦးမျိုးသန့် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကာ်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးနိုင်ဝင်း | ကျား | ကျေးရွာငွေစာရင်းကိုင် |
| ၁၃ | ဦးမြင့်စိုး | ကျား | အကြံပြုချက်ဖြေရှင်းရေး |
| ၁၄ | ဒေါ်ဇင်မာအေး | မ | အကြံပြုချက်ဖြေရှင်းရေး |
| ၁၅ | ဦးကျော်ထွေး | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်သင်ဇာဦး | မ | စေတနာ့ဝန်ထမ်း |

စုစုပေါင်း။ (၁၆) ယောက်     ကျား-၈ ယောက် +မ-၈ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

ဦးစိန်ကျော်လွင်     ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဥက္ကဌ

ဒေါ်မမြို့     ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ ဥက္ကဌ


**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်နီနီဂင်း

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ...၄...../၂../...၂၀၁၇...

## ၄။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်



၁) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ ( [illegible] ) | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း ✓ |
| ကျောက်ခင်းလမ်း | မြေသားလမ်း ✓ | လူသွားလမ်း ✓ | အခြား ________ |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ ✓/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် ၂ မိုင် -/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၀ မိနစ် ------ ထော်လာဂျီ/မော်တော်ဆိုင်ကယ် ✓/ခြေလျင်/လှား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် ၁၅ မိနစ် ------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ် ✓/ခြေလျင်/လှား/မော်တော်ဘုတ်/ အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ --- [illegible] ( [illegible] - ၆၅ [illegible] )

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible] ---------------

(၂) [illegible] ---------------


၂) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦး ပေါ်မြင့် | |
| | လက်မှတ် | နေ့စွဲ 5. 2. 2017 |
| လူထုစည်းရုံးရေးမှူး | အမည် ဒေါ်နီနီဝင်း | |
| | လက်မှတ် | နေ့စွဲ 5. 2. 2017 |

## ၁၀။ ပုံစံ စ-၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား




ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နီနီဝင်း | | | |
| နေ့စွဲ 5.2.2017 | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း စစ်ကိုင်းတိုင်း | မြို့နယ် ဝင်းလည်ဘူး | ကျေးရွာအုပ်စု ဝသုန္တကုန်း | ကျေးရွာ စင်ကွယ် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 4.2.2017 | 4.2.2017 | ၇၈ | ၃၀ | ၁၀၈ | ဗမာ \| ၁၀၈ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 5.2.2017 | 5.2.2017 | ၆၆ | ၃၇ | ၁၀၃ | ဗမာ \| ၁၀၃ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 6.2.2017 | 6.2.2017 | ၅၉ | ၃၀ | ၈၉ | ဗမာ \| |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 30.3.17 | 30.3.17 | 4 | 5 | 9 | ဗမာ | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်



### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

(လ)မ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု (စ)က်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

(လ)ူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နီနီဝင်း

(ရ)က်စွဲ 5. ၇. ၂၀၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄)

ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် ပင်လည်ဘူး | ကျေးရွာအုပ်စု သဒွတ်ကုန်း | ကျေးရွာ စင်ကွယ်

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာသူ/သားများ သွားလာရခက်ခဲခြင်း | ၁ | ရေဝေး ရေနေ ရလုံလောက်မှု မရှိခြင်း |
| ၂ | သောက်ရေ/သုံးရေ အလွယ်တကူ ရရှိမှုမရှိခြင်း | ၂ | ကျေးရွာသူ/သားများ စာပေမတတ်သူ အားနည်းခြင်း |
| ၃ | ကျေးရွာသူ/သားများ စာပေမတတ်သူ အားနည်း | ၃ | ပညာရေး ခက်ခဲခြင်း |
| ၄ | ပညာရေး ခက်ခဲခြင်း | ၄ | ရွာသူ/သားများ သွားလာရခက်ခဲခြင်း |
| ၅ | စာသင်ကျောင်းဝင်း လုံခြုံမှု မရှိခြင်း | ၅ | စာသင်ကျောင်းဝင်း လုံခြုံမှု မရှိခြင်း |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျေးရွာကွင်းလမ်းများ ခင်းပြီး | ၁ | ကျေးရွာခန်းမ သစ်ဆောက်ပြီး |
| ၂ | ကျေးရွာ ခန်းမ ဆောက်လုပ်ပြီးခြင်း | ၂ | ကျေးရွာ စာကြည့်တိုက် ဆောက်လုပ်ပြီး |
| ၃ | ကျေးရွာ စာကြည့်တိုက် ဆောက်လုပ်ပြီး | ၃ | မူလတန်းကျောင်း ဆောင်သစ် ဆောက်လုပ်ပြီး |
| ၄ | မူလတန်းကျောင်း ဆောင်ဆောက်လုပ်ပြီး | ၄ | ကျေးရွာ ကွင်းလမ်း ခင်းပြီး |
| ၅ | စာသင်ကျောင်း ခြံစည်းရိုး ကာရံပြီး | ၅ | စာသင်ကျောင်း ခြံစည်းရိုး ကာရံပြီး |
| | | | |
| | | | |
| | | | |
| | | | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | စာသင်ကျောင်းဆောင်သစ် | ကျား + မ | သိန်း ၁၅၀ | |
| ၂ | မူကြို၊ KG ကျောင်းဆောင်သစ် | ကျား + မ | သိန်း ၁၅၀ | |
| ၃ | ဆေးပေးခန်း | ကျား + မ | သိန်း ၃၀၀ | |
| ၄ | စာကြည့်တိုက် | ကျား + မ | သိန်း ၁၀၀ | |
| ၅ | ရွာချင်းဆက်တံတား | ကျား + မ | သိန်း ၁၀၀ | |
| | | | | |
| | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ၂၄ နာရီမီးလင်းရေး | ကျား + မ | |
| ၂ | စိုက်ပျိုးရေး သင်တန်း | ကျား + မ | |
| ၃ | မွေးမြူရေး သင်တန်း | ကျား | |
| ၄ | စက်ချုပ် သင်တန်း | မ | |
| ၅ | ဆံထိုးပန်းထိုး သင်တန်း | မ | |
| | | | |
| | | | |
| | | | |
| | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးခင်မောင်တင့် ---------- လက်မှတ် -------------------- နေ့စွဲ ၆- ၉- ၂၀၁၇ ----------

## ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်နီနီဝင်း


နေ့စွဲ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☑စက်ဝန်း(၄)

ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် ပင်လည်ဘူး | ကျေးရွာအုပ်စု သဒ္ဓတ်ကုန်း

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| စင်းကွယ် | ကျောင်းဆောင်ဆက်လက်ဆောက်ခြင်း | | ၉၀၀ | ☐ ကျား<br>☐ မ<br>☑ ကျား + မ | 2018 ၇၆၈<br>211 20000<br>+<br>109650 | | | | 21229650 |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား + မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား + မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား + မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား + မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဦးခင်မောင်တင့်



ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်နှင်းနှင်းဝေ

နေ့စွဲ ၆-၉-၂၀၁၇

စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄)

ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် ပင်လည်ဘူး | ကျေးရွာအုပ်စု ၁၁ ဒွတ်ကုန်း

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ၁၁ ဒွတ်ကုန်း | ကျေးရွာခရီးမ တည်ဆောက်ခြင်း | ၇၀' x ၄၀' | ကျား(၂၄၅) မ(၂၅၄) ၄၉၉ | □ ကျား<br>□ မ<br>☑ ကျား + မ | 2017 ဘ/နှစ် 2170000<br>2018 ဘ/နှစ် ၁၁၂၇၅၀ | | 2017 [illegible] ဘ/နှစ် | 427900 | 2166650 |
| | | | | □ ကျား<br>□ မ<br>□ ကျား + မ | | | | | |
| | | | | □ ကျား<br>□ မ<br>□ ကျား + မ | | | | | |
| | | | | □ ကျား<br>□ မ<br>□ ကျား + မ | | | | | |
| | | | | □ ကျား<br>□ မ<br>□ ကျား + မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဦး၊ ဝင်းမောင်ထွန်း [signature]

## ၁၃။ ပုံစံ စ-၁၂။ အစည်းအဝေးမှတ်တမ်း

လူထုပဟိုပြုစီမံကိန်း

စစ်ကိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်p

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ — စင်းကွယ်

ကျေးရွာအုပ်စု — သခွတ်ကုန်း

အစည်းအဝေးပြုလုပ်သည့်နေရာ — ဘုန်းတော်ကြီးကျောင်း ၊ ဇရပ်

အစည်းအဝေးပြုလုပ်သည့်နေ့ရက် — ၄.၂.၂၀၁၇

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ — တတိယ ၃နှစ် စီမံကိန်း မိတ်ဆက်ခြင်းနှင့် စေတနာ့ ဝန်ထမ်းရွေးချယ်ခြင်း ၊ လူမှုဆန်းစစ်ခြင်း

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား( ၇၈ )ဦး၊ မ( ၃၀ )ဦး=( ၁၀၈ )ဦး

ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ရည်ရွယ်ချက် (၁) လူထုပဟိုပြုစီမံကိန်း အကြောင်း သိရှိပြီး စီမံကိန်းစက်ဝန်းလည်ပတ်ပုံ အဆင့်ဆင့်ကို သိရှိရန်

(၂) ကျေးရွာစေတနာ့ဝန်ထမ်းများ မှန်ကန်စွာ ရွေးချယ်နိုင်ရန်။

(၃) လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းများ ပြုလုပ်နိုင်ရန်

ဆွေးနွေးချက် (၁) သခွတ်ကုန်းအုပ်စု ၊ စင်းကွယ်ကျေးရွာ ၊ ဘုန်းတော်ကြီးကျောင်း ဇရပ်တွင် ကျင်းပသော တတိယ၃နှစ် စီမံကိန်း မိတ်ဆက် အစည်းအဝေးကို နံနက် (၁၁:၀၀) နာရီတွင် စတင်ခဲ့ပါသည်။ အစည်းအဝေးတွင် ပြောင်းလဲလာသော ရန်ပုံငွေများ ၊ စီမံကိန်းထပ်တိုးမြို့နယ်များအကြောင်း ရှင်းလင်းခြင်း ၊ စီမံကိန်းစက်ဝန်းလည်ပတ်ပုံ အဆင့်ဆင့် ၊ ကျား၊ မရေးရာကဏ္ဍအား ရှင်းလင်းခြင်း ၊ ဝေဖန်အကြံပြုကဏ္ဍအား မေးမြန်းဆွေးနွေးခြင်း ၊ သဘာဝပတ်ဝန်းကျင်နှင့် အကာအကွယ်များ ၊ လည်ပတ်ပြုပြင်ခြင်းများကိုလည်း ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးချက် (၂) ကျေးရွာစေတနာ့ဝန်ထမ်းများရွေးချယ်ရာတွင်လည်း မိမိကျေးရွာအတွက် စေတနာထား၍ဆောင်ရွက်နိုင်သူ၊ ကျေးရွာတွင်အမြဲနေထိုင်သူများကိုသာ ရွေးချယ်ရန် ဆွေးနွေးခဲ့ပြီး စေတနာ့ဝန်ထမ်း၏တာဝန်ဝတ္တရားများကိုလည်း ရှင်းလင်းခဲ့ပါသည်။ ကျေးရွာလူထု၏အစက်အသံများ ဖော်ထုတ်ရာတွင်လည်း တိုင်းရင်းသားလူနည်းစုများ၊ ဆင်းရဲနွမ်းပါးသူများ၊ ဘာသာခြားများ၊ သက်ကြီးရွယ်အိုများ ပါဝင်ရန်နှင့် လူမှုဆန်းစစ်ခြင်းများပြုလုပ်ရာတွင်လည်း ပူးပေါင်းပါဝင်ကြရန်ဆွေးနွေးကြသည်။

ဆုံးဖြတ်ချက်။ ။ ကျေးရွာစေတနာ့ဝန်ထမ်းများရွေးချယ်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်၊ အများသဘောတူသူများကို ရွေးချယ်ရန်နှင့် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်စေသူများကို ရွေးချယ်ရန်ဆုံးဖြတ်ခဲ့ကြသည်။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းများပြုလုပ်နိုင်ရန်လည်း အုပ်စုဖွဲ့ဆွေးနွေးကြရန် ဆုံးဖြတ်ခဲ့ကြသည်။

သဘောတူညီချက်။ ။ စေတနာ့ဝန်ထမ်းများကို အများသဘောတူဆန္ဒအတိုင်း ရွေးချယ်ရန် သဘောတူညီခဲ့ကြသည်။ လူမှုဆန်းစစ်ခြင်းများဖြစ်သည့် အရင်းအမြစ်ပြမြေပုံများရေးဆွဲခြင်း၊ လူမှုရေးပြမြေပုံများကြည့်၍ ဆန်းစစ်ခြင်း၊ သုံးသပ်ခြင်း၊ လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းများကို ပူးပေါင်းလုပ်ဆောင်ကြရန် သဘောတူညီခဲ့ကြသည်။

## လူထုဗဟိုပြုစီမံကိန်း

## စစ်ကိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်p

## ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ဆင်းကူယာ........................................

ကျေးရွာအုပ်စု သာဒွန်ကုန်း........................................

အစည်းအဝေးပြုလုပ်သည့်နေရာ ဘုန်းတော်ကြီးကျောင်း ၊ ၁ နာရီ........................................

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ၅ - ၂ - ၂၀၁၇........................................

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ ဒုတိယအကြိမ်အစည်းအဝေး (ကော်မတီဖွဲ့စည်းခြင်းနှင့် နှိုင်းယှဉ်ချင့်ချိန်ရွေးချယ်ခြင်း)........................................

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား( ၆၆ )ဦး၊ မ( ၃၇ )ဦး=( ၁၀၃ )ဦး

ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ရည်ရွယ်ချက် (၁) ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မတီဝင်များအား ရွေးချယ်အတည်ပြုနိုင်ရန်

(၂) ကော်မတီဝင်များ၏တာဝန်ဝတ္တရားများ သိရှိပြီး မှန်ကန်စွာရွေးချယ်ပေးနိုင်ရန်

(၃) ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်များ ရွေးချယ်အတည်ပြုနိုင်ရန်

ဆွေးနွေးချက် (၁) ဒုတိယအကြိမ်အစည်းအဝေးတွင် ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ကော်မတီဝင်များအား ကျေးရွာလူထုမှ မှန်ကန်စွာရွေးချယ်ပေးနိုင်ရန် ဆွေးနွေးခဲ့ပါသည်။ ကော်မတီဝင်ဖွဲ့စည်းပုံနှင့်တာဝန်ဝတ္တရားများကိုလည်း ရှင်းပြဆွေးနွေးခဲ့ပါသည်။ ယခင်ရှိကော်မတီဝင်များကိုလည်း ဆက်လက်၍တာဝန်ထမ်းဆောင်နိုင်ခြင်းရှိမရှိနှင့် ခရီးထွက်နေသောကော်မတီဝင်များအား အစားထိုးပြန်လည်ရွေးချယ်ရာတွင်လည်း၊ မှန်ကန်စွာရွေးချယ်ပေးကြရန် ဆွေးနွေးခဲ့ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များရွေးချယ်ရာတွင်လည်း၊ အမှန်တကယ်လိုအပ်ချက်ရှိ/မရှိနှင့် အကျိုးခံစားခွင့်များကို ထည့်သွင်းစဉ်းစားရန် ဆွေးနွေးခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ ကျေးရွာစီမံကိန်းအတွက် အကူကော်မတီဝင်များ ရွေးချယ်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန် အများသဘောတူသူများကိုသာ ရွေးချယ်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ ယခုလစ်လပ်နေသော ကော်မတီဝင်များနေရာတွင် သင့်တော်သူများကို အတည်တိုး ရွေးချယ်ခန့်ထားရန် ဆုံးဖြတ်ခဲ့ကြသည်။ ကျေးရွာအခက်အခဲများ ဖော်ထုတ်ရာတွင်လည်း အမျိုးသမီးများ၏ ထင်မြင်ချက်များကို ပါထည့်သွင်းစဉ်းစားရန် ဆုံးဖြတ်ခဲ့ကြသည်။

သဘောတူညီချက်။ ။ ကော်မတီဝင်များဖွဲ့စည်းရာတွင် ယခင်နှစ်မှ ကော်မတီဝင်များနှင့် ယခုနှစ်တွင်တာဝန်ထမ်းဆောင်မည့်သူများ ပူးတွဲခန့်ထားရန် ကျေးရွာလူထုမှ သဘောတူညီကြသည်။ ကျေးရွာတွင် မရှိသော ကော်မတီဟောင်းများနေရာတွင် သင့်တော်သူများကို ရွေးချယ်ခန့်ထားမည်ဟု သဘောတူညီကြသည်။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်များ ရွေးချယ်ရာတွင် မိမိကျေးရွာအတွက် မရှိမဖြစ်လိုအပ်သော လုပ်ငန်းများကို ရွေးချယ်ရန် သဘောတူညီခဲ့ကြသည်။

# ၁၄။ နောက်ဆက်တွဲ(၄) ခြားနားသောအစိတ်အပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အနှစ်ချုပ်

ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ [illegible]

မှုရင်းအား ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီတွင် ထားရှိရပါမည်။ အခြားဌာနများနှင့် ညှိနိုင်ရန်အတွက် မိတ္တူအား

| | အဆင့် | လုပ်ငန်း | အဆိုပြုသူ | လ/ နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | မူကြိုကျောင်း ဆောက် | ☐ ကျား ☐ မ | ၃/၂၀၁၈ | ကော်မတီနှင့် | ငွေကြေးပံ့ပိုး |
| | ၂ | အားကစားကွင်းတိုးချဲ့ | ☐ ကျား ☐ မ | ....../............ | ရွာသူရွာသား | လုပ်အား |
| | ၃ | ကျောင်းဆောင်အသစ် တိုးချဲ့ | ☐ ကျား ☐ မ | ....../............ | " | " |
| | ၄ | ရေသန့်စက်ရုံ | ☐ ကျား ☐ မ | ....../............ | " | " |
| | ၅ | ဖွံ့ဖြိုးရေး ခန်းမ | ☐ ကျား ☐ မ | ....../............ | " | |
| အသက်မွေးဝမ်းကြောင်း/စီးပွားရေး | ၁ | စိုက်ပျိုးရေးသင်တန်း (နည်းပညာ) | ☐ ကျား ☐ မ | ....../............ | " | |
| | ၂ | မွေးမြူရေး သင်တန်း | ☐ ကျား ☐ မ | ....../............ | | |
| | ၃ | [illegible] ကုန်ထုတ်လုပ်မှု သင်တန်း | ☐ ကျား ☐ မ | ....../............ | | |
| | ၄ | စက်ချုပ်သင်တန်း (ချည်၊ ဖျာတို့) | ☐ ကျား ☐ မ | ....../............ | | |
| | ၅ | စက်ယန္တရား သင်တန်း | ☐ ကျား ☐ မ | ....../............ | | |
| ကျန်းမာရေး | ၁ | ဆေးပေးခန်း | ☐ ကျား ☐ မ | ....../............ | | |
| | ၂ | စက်ရေတွင်း | ☐ ကျား ☐ မ | ....../............ | | |
| | ၃ | ကျန်းမာရေး [illegible] | ☐ ကျား ☐ မ | ....../............ | | |
| | ၄ | [illegible] သင်တန်း | ☐ ကျား ☐ မ | ....../............ | | |
| | ၅ | [illegible] | ☐ ကျား ☐ မ | ....../............ | | |
| ပညာရေး | ၁ | စာကြည့်တိုက် | ☐ ကျား ☐ မ | ....../............ | | |
| | ၂ | [illegible] သင်တန်း | ☐ ကျား ☐ မ | ....../............ | | |
| | ၃ | [illegible] | ☐ ကျား ☐ မ | ....../............ | | |
| | ၄ | [illegible] ကျောင်း ပရိဘောဂ | ☐ ကျား ☐ မ | ....../............ | | |
| | ၅ | [illegible] | ☐ ကျား ☐ မ | ....../............ | | |
| အခြား | ၁ | (၂၄) နာရီ မီးလင်းရေး | ☐ ကျား ☐ မ | ....../............ | | |
| | ၂ | [illegible] | ☐ ကျား ☐ မ | ....../............ | | |
| | ၃ | [illegible] | ☐ ကျား ☐ မ | ....../............ | | |
| | ၄ | [illegible] | ☐ ကျား ☐ မ | ....../............ | | |
| | ၅ | [illegible] | ☐ ကျား ☐ မ | ....../............ | | |